ရွှေလသမ်းစာပေ

# မြတ်ဗုဒ္ဓေါ် ဝိပဿနာ



ဒေါက်တာစိုးလွင်(မန္တလေး)

၁

“ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ”

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ဤစေ့စာစုဖြင့်

ရှိသေစွာ ကန်တော့ပါ၏။

# “ မြတ်ဗုဒ္ဓ၏ဝိပဿနာ”

## ဒေါက်တာစိုးလွင် (မန္တလေး)

## မြတ်ဗုဒ္ဓ၏ဝိပဿနာသင်တန်း

## "ဝိပဿနာနှင့်မဂ္ဂင်(၈)ပါး"

ဝိပဿနာအလုပ်သည် မဂ္ဂင် (၈)ပါး အလုပ်တရားပင်ဖြစ်ပါသည်။

၁။ သမ္မာဒိဋ္ဌိ - မှန်စွာမြင်ခြင်း(right view)
၂။ သမ္မာသင်္ကပ္ပ- မှန်စွာကြံခြင်း(right thought)
၃။ သမ္မာဝါစာ - မှန်စွာပြောခြင်း(right speech)
၄။ သမ္မာကမ္မန္တ- မှန်စွာလုပ်ခြင်း(right action)
၅။ သမ္မာအာဇီဝ- မှန်စွာအသက်မွေးခြင်း (right livelihood)
၆။ သမ္မာဝါယာမ- မှန်စွာအားထုတ်ခြင်း (right effort)
၇။ သမ္မာသတိ - မှန်စွာအောက်မေ့ခြင်း (right mindfulness)
၈။ သမ္မာသမာဓိ - မှန်စွာတည်ကြည်ခြင်း (right concentration)

## “ သမ္မာသင်္ကပ္ပ ”

သမ္မာသင်္ကပ္ပ၏ အဓိပ္ပါယ်မှာ မှန်စွာကြံခြင်း (right thought) ဖြစ်သည်။ မှန်စွာကြံမှ မှန်စွာသိမြင်ခြင်းဆိုသော သမ္မာဒိဋ္ဌိ (right understanding) ဖြစ်ပေမည်။ သမ္မာဒိဋ္ဌိဖြစ်ရန်အတွက် သမ္မာသင်္ကပ္ပလုပ်ရမည်။ သမ္မာသင်္ကပ္ပ မှန်စွာကြံနိုင်ရန် ကြံပုံ၊ ကြံနည်းကို သင်ယူကြရခြင်းဖြစ်သည်။ အတ္တဖြင့်တော့ ကြံတတ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟဖြင့်တော့ ကြံတတ်ပါသည်။ အနတ္တဖြင့်တော့ မကြံတတ်ကြပါ။

အလောဘ- စွန့်ခြင်း (တဏှာ၊ ဥပါဒါန်)

အဒေါသ - ငြိမ်းအေးခြင်း (ကိလေသာ)

အမောဟ - ပညာဖြင့် သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)

တဏှာ၊ ဥပါဒါန်စွန့်ဖို့၊ ကိလေသာငြိမ်းစေဖို့၊ ပညာဖြင့်ကြံစည်ဖို့တော့မလုပ်တတ်ကြပါ။ ယင်းတို့အတွက် မှန်စွာကြံစည်တတ်အောင် သင်ယူရခြင်းဖြစ်ပါသည်။

## “ သစ္စာလေးပါး နှင့် အလုပ်တရား ”

ဒုက္ခသစ္စာကိုသိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓကို သစ္စာဆိုက်ခြင်း၊ မဂ္ဂသစ္စာကို ပွားခြင်းသည် သစ္စာလေးပါးနှင့်စပ်၍ အလုပ်တရား (၄)မျိုး

ဖြစ်ပါသည်။ ယင်း သိ၊ ပယ်၊ ဆိုက်၊ ပွားသည့် လောကီသစ္စာနှင့် လောကုတ္တရာသစ္စာဟူ၍ (၂)ပိုင်းရှိ၏။ လောကီသစ္စာကို သင်ယူနှလုံးသွင်းနိုင်သော်လည်း လောကုတ္တရာသစ္စာကို ကိုယ်တိုင် မျက်မှောက်ပြုမှသာ သိမြင်နိုင်ပေမည်။

အခြေခံ လောကီသစ္စာ (၄)ပါး

၁။ ရုပ်နာမ် ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း

၂။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် သမုဒယသစ္စာကိုပယ်ခြင်း

၃။ ကာယကံ၊ ဝစီကံ၊ မနောကံချုပ်ရာ နိရောဓသစ္စာကို ဆိုက်ခြင်း

၄။ သမ္မာဒိဋ္ဌိဆိုသော ဝိပဿနာမဂ္ဂင် (၅)ပါးကိုပွားခြင်း

ဝိပဿနာဆိုသည်မှာ ပညာမဂ္ဂင်နှင့် သမာဓိမဂ္ဂင် နှစ်မျိုးပေါင်းဖြစ်သော မဂ္ဂင် (၅)ပါးကို သီလမဂ္ဂင် (၃)ပါး တစ်ပေါင်းတည်းပါဝင်သော မဂ္ဂင်(၈)ပါး ပြည့်စုံအောင် ပွားများရခြင်းဖြစ်သည်။ အများအားဖြင့် ယောဂီတို့သည် မဂ္ဂင်(၅)ပါးကို ဘယ်လိုပွားများအားထုတ်ရမည်ကို မေးကြခြင်းဖြစ်ပါသည်။

အမှန်မှာ မဂ္ဂင် (၅)ပါးကို ပြည့်စုံအောင် မိမိကိုယ်တိုင်ပင် ပြုလုပ်ရလေသည်။ သမာဓိမဂ္ဂင်ကို အများအားဖြင့် လုပ်တတ်ကြပါသည်။ ဝင်လေ

ထွက်လေ၊ ဖေါင်းပိန်၊ ကြွတယ် လှမ်းတယ် ချတယ် စသည့်တို့သည် ထိုထိုအာရုံတို့မှ မပျံ့လွင့်အောင် အားထုတ်မှုတို့သည် သမာဓိမဂ္ဂင် အလုပ်များဖြစ်ကြပါသည်။ ထို့ပြင် ထိမှု၊ သိမှု၊ နာမှု၊ ကျင်မှု၊ ကြွကြွ၊ ရွရွ၊ လှုပ်လှုပ် စသောအမှုတို့သည် အရှုခံတရားများဖြစ်ကြသော်လည်း ပညတ်တရားများဖြစ်နေ၍ သမာဓိမဂ္ဂင် အတွက်သာ ဖြစ်နေကြပါသည်။ ပရမတ်မဝင်တတ်သောကြောင့် ဝိပဿနာမဖြစ်ကြသေးပါ။

သမ္မာသက်ပ္ပ မလုပ်တတ်ကြသောကြောင့် သမ္မာဒိဋ္ဌိဆိုသော ပညာမဂ္ဂင် မဖြစ်ပေါ်ကြခြင်း ဖြစ်ပါသည်။ ထိုသို့ မဂ္ဂင်(၅)ပါးမပြည့်စုံခြင်းကြောင့် ဝိပဿနာလည်း မဖြစ်တော့ပဲ သမာဓိနယ်အတွင်းသာ မျောပါနေကြလေသည်။ ထိုအခါ အသိဉာဏ်ပညာ မတိုးတက်လေ ပို၍ အားထုတ်လေဖြစ်ကြသောကြောင့် ပို၍ပို၍မျောပါကြလေကုန်သည်။ အသိဉာဏ်အားဖြင့် ရပ်နေပြီး အားထုတ်ခြင်းဖြင့် မျောပါနေကြခြင်း ဖြစ်လေသည်။ ထို့ကြောင့် သမ္မာသက်ပ္ပ ကောင်းစွာ လုပ်နိုင်ရန် အောက်ပါအခြေခံ သဘောတရားတို့ကို သိသင့်ပေသည်။

## “ အခြေခံသဘောတရားများ ”

၁။ နယ် (၃) နယ်

၂။ အတ္တ နှင့် အနတ္တ

၃။ အထည်ခန္ဓာ နှင့် သဘောခန္ဓာ

၄။ မြဲသောနိစ္စ နှင့် မမြဲသောအနိစ္စ

၅။ မနောဒွါရ နှင့် ဓမ္မာရုံ (အာရုံ၏သဘော)

၆။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အဖုံး

၇။ ပဋိစ္စသမုပ္ပါဒ် နှင့် အကြောင်းအကျိုး

၈။ ခန္ဓာ (၂)မျိုး နှင့် သစ္စာလေးပါး

၉။ ရှေ့စိတ်၊ နောက်စိတ်၊ မဂ်စိတ်

၁၀။ အရှုခံအာရုံ ဖြစ်ပျက်၊ အရှုဉာဏ်မဂ်

အထက်ပါ အချက်တို့ကို သမ္မာသက်ပွ မှန်စွာ ကြံစည်သုံးသပ် နှလုံးသွင်းတတ်ပါလျှင် ကိုယ်ပိုင်ဉာဏ် ဖြင့် (သူများပြောသိ၊ စာဖတ်သိ၊ ဆင်ခြင်သိ မဟုတ်ပဲ) မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်လျှင် သမ္မာဒိဋ္ဌိဖြစ် ပေါ်ပြီး မဂ္ဂင်(၅)ပါးဖြင့် ဝိပဿနာရှုပွားနိုင်ပေမည်။

## “ စူဠသောတာပန် ”

စူဠသောတာပန်သည် သောတာပန်ပုဂ္ဂိုလ်သိ ရမည့် အခြေခံသဘောတရားတို့ကို သိထားသော ပုဂ္ဂိုလ် ဖြစ်သည်။ သောတာပန်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ

အမြစ် ပြတ်ချုပ်ငြိမ်းသည်။ နာမရူပပရိစ္ဆေဒဉာဏ်ခေါ် နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်သည် ဒိဋ္ဌိအယူမှားကို ပယ်ရန်ဖြစ်ပြီး ပစ္စယပရိဂ္ဂဉာဏ်ခေါ် အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သော ဉာဏ်သည် ဝိစိကိစ္ဆာကို ပယ်ရန်အတွက်ဖြစ်သည်။ ယင်းတို့ကို စာသိ၊ ကြံစည်သိမဟုတ်ပဲ ကိုယ်ပိုင်သိဖြစ်ပါက စူဠသောတာပန်ဟု ခေါ်ထိုက်ပေသည်။ ဘုရားရှင်၏ ဓမ္မဒေသနာတော်များသည် အရိယသစ္စာကိုထိုးထွင်းသိမြင်နိုင်အောင် သွန်သင်ဆုံးမ ဟောကြားထားတော်မူသော ပညာရပ်များဖြစ်ကြပါသည်။ ထိုပညာရပ် တို့ကို စနစ်တစ်ကျ လေးလေးစားစား လေ့လာသင်ယူအားထုတ်သင့်ပါသည်။

## " ဝိပဿနာ နှင့် နယ် (၃) နယ် "

(၁) သမ္မုတိနယ် - (သီလ)

ငါ သူတစ်ပါး၊ ယောက်ျား မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ ရှိ၏။ အကောင်း အဆိုးရှိ၏၊ အကြောင်း အကျိုးရှိ၏။ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ အယူမှား ရှိကြ၏။

(၂) ပရမတ်နယ် - (သမာဓိ)

ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးရှိ၏။ ပုဂ္ဂိုလ်သတ္တဝါ

မရှိ။ ရုပ်နာမ် အကြောင်းအကျိုးသာရှိ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ အယူမှန်ရှိ၏။

(၃) သစ္စာနယ် - (ပညာ)

လောကီသစ္စာ (၂)ပါးဖြစ်သော ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ၊ လောကုတ္တရာသစ္စာ (၂)ပါးဖြစ်သော နိရောဓသစ္စာနှင့် မဂ္ဂသစ္စာဆိုသောသစ္စာ(၄)ပါးရှိ၏။

ဝိပဿနာသည် သစ္စာ(၄)ပါးကို သိမြင်ရန်၊ မျက်မှောက်ပြုရန်အတွက် အားထုတ်ရခြင်းဖြစ်သည်။ ထို့ကြောင့် သမ္မုတိနယ်မှ ပရမတ်နယ်သို့ ကူးရသည်။ ရုပ်နာမ်ပရမတ်ရောက်မှ သစ္စာဝင်ကာ သမုဒယ ပယ်ခြင်း၊ ဒုက္ခချုပ်ခြင်း၊ နိရောဓဆိုက်ခြင်းတို့ကို မဂ္ဂင် ရှစ်ပါး ပွားများခြင်းဖြင့် ဆောင်ရွက်ရခြင်းဖြစ်သည်။

သစ္စာနယ်တွင် ကိစ္စ(၄)ပါး ဆောင်ရွက်ပြီးစီး ပါက သမ္မုတိနယ်တွင် သမုဒယမရှိပဲ ဒုက္ခငြိမ်းကာ နိရောဓအမြင်ဖြင့် လောကကောင်းကျိုးတို့ကို ထက် ဝန်းကျင် စင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံ တို့ဖြင့် ဆောင်ရွက်နေထိုင်နိုင်လေသည်။

## “ မြတ်ဗုဒ္ဓ၏ဝိပဿနာ ”

ဝိပဿနာအခြေခံအပိုင်းနှင့် ဝိပဿနာပွားခြင်းအပိုင်းတို့ပါဝင်သည်။ ဝိပဿနာအခြေခံအပိုင်းတွင် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ ပါဝင်၍ သတိ ဝီရိယ သမာဓိတို့ကို ထူထောင်ရသည်။

## ပစ္စယပရိဂ္ဂဟဉာဏ်

နယ် (၃)နယ် နှင့် အကြောင်းအကျိုး

၁။ သမ္မုတိ အကြောင်းအကျိုး

၂။ ပရမတ် အကြောင်းအကျိုး

၃။ သစ္စာ အကြောင်းအကျိုး

## သမ္မုတိအကြောင်းအကျိုး

၁။ အကျိုးတရားအပေါ်မှာ မိမိအလိုအတိုင်း အစိုးရသည်ဟုယူ၏။

၂။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်ခြင်းကိုလက်ခံ၏။

၃။ သို့သော် အကြောင်းကောင်းသဖြင့် အကျိုးကောင်းသည်ဟုဆိုပြီး အကြောင်းတရားသည် အကျိုးတရားအပေါ်မှာတိုက်ရိုက် အစိုးရနေ၏။

၄။ အကြောင်းတရားနှင့် အကျိုးတရား ဆက်နွယ်မှုကို

တိုက်ရိုက် ဆက်နွှယ်ခြင်း (connection) သဘော အားဖြင့် ယူခြင်းဖြစ်သည်။

ဥပမာရေကို မီးဖြင့်အပူပေးပါက မီးပူသောကြောင့် ရေပူရသည်ဟု တိုက်ရိုက်အကြောင်းအကျိုး ဆက်နွှယ်မှု (connection) သဘောမျိုးယူလျှင် သမ္မုတိနယ်မှ အတ္တအမြင်ဖြစ်၏။ မီးသည် ရေပူမှု အပေါ်တွင် တိုက်ရိုက် အစိုးရနေခြင်းဖြစ်သည်။

## ပရမတ်အကြောင်းအကျိုး (ဝါ) အနတ္တအမြင်

၁။ အကျိုးတရားသည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်၏။

၂။ မိမိသည် အကြောင်းတရားနှင့်သာ သက်ဆိုင်၏။

၃။ အကြောင်းတရားသည် အကျိုးတရားအပေါ်မှာ အစိုးမရ။

၄။ အကြောင်းတရားတို့ ပြည့်စုံညီညွတ်သည်နှင့် အကျိုးတရားသည် သူ့သဘောသူဆောင်ပြီး (အသစ်အသစ်) ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အကြောင်းတရားနှင့်အကျိုး တရား ဆက်နွယ်မှုကို အခြေအနေပေးခြင်း၊ ကျေးဇူးပြုခြင်း (condition) သဘောအားဖြင့်ယူခြင်း ဖြစ်သည်။

အနတ္တအမြင်တွင် မီးတွင်ရှိသော အပူ

တေဇောစေတ်သည် ဖြစ်သည့်နေရာမှာပင်ချုပ်၏။ နေရာပြောင်းရွှေ့ခြင်း (လုံး၀)မရှိပါ။ ရေပူခြင်းသည် ရေတွင်ရှိသော အေးသည့်တေဇောဓာတ်များ ချုပ်ပျောက်ပြီး ပူသည့်တေဇောဓာတ်များ သူ့သဘော သူဆောင်ကာ (အသစ်အသစ်) ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်သည်။ သို့သော် မီးဆိုသော အကြောင်းတရား၏ ကျေးဇူးပြုမှုနှင့်ကား မကင်းနိုင်ချေ။ မီးသည် ရေပူမှု အပေါ်တွင် တိုက်ရိုက်ဆက်နွယ်မှု (connection) သဘောမျိုး (အစိုးရခြင်း) မဟုတ်ပဲ အခြေအနေပေးမှု (condition) အနေဖြင့်သာ (ကျေးဇူးပြုခြင်း)သဘော မျိုး ဖြစ်သည်။ ထို့ကြောင့် ရေပူခြင်းကိစ္စတွင် မီးသည် အပူဓာတ်အကြောင်းတရားတို့ လုံလောက်ပြည့်စုံမှုဖြင့် ကျေးဇူးပြုခြင်းသဘောသာဖြစ်သည်။ ရေပူခြင်း (အကျိုးတရား)သည်သူ့သဘောသူဆောင်ကာ(အသစ်အသစ်) ဖြစ်ပေါ်နေသောသဘာ၀တစ်ခုသာဖြစ်ပါသည်။

နောက်ဥပမာတစ်မျိုးမှာ လေတိုက်၍သစ်ရွက်လှုပ်ခြင်းဖြစ်သည်။ သမ္မုတိနယ်တွင် လေတိုက်ခြင်း သည် အကြောင်းတရားဖြစ်၍ သစ်ရွက်လှုပ်ခြင်းသည် အကျိုးတရားဖြစ်သည်။ ယင်းတွင် လေတိုက်ခြင်း (အကြောင်း) တရားသည် သစ်ရွက်လှုပ်ခြင်း (အကျိုး)

တရား အပေါ်တွင် အစိုးရနေသည်။ ပရမတ်နယ်တွင် လေတွင်ပါဝင်သော ဝါယောဓာတ်သည် လေမှာပင် ချုပ်ပျောက်၏။ သို့သော် သစ်ရွက်လှုပ်ခြင်းသည် သစ်ရွက်တွင်ပါဝင်သော မူလတည်ငြိမ်ဝါယော ချုပ်ပျောက်၍ လှုပ်ရှာအသစ်ဖြစ်ပေါ်လာသောကြောင့် သူ့သဘောသူဆောင်ကာ လှုပ်ရှားခြင်း ဖြစ်ပါသည်။ ထိုသို့ လှုပ်ရှားဝါယော အသစ်ဖြစ်ပေါ်လာ ခြင်းသည် လေတိုက်ခြင်းဆိုသော အကြောင်းတရား ၏ ကျေးဇူးပြုမှုနှင့်ကားကင်း၍ မဖြစ်ပေါ်နိုင်ချေ။ ထိုကြောင့် အကြောင်းတရားသည် အကျိုးတရား အပေါ်တွင် တိုက်ရိုက်ဆက်နွယ်မှု (connection) သဘောမျိုးဖြင့် (အစိုးရခြင်း) မရှိသော်လည်း အခြေ အနေပေးမှု (condition) သဘောမျိုး ဖြင့်သာကျေးဇူး ပြုပြီး အကျိုးတရားသည် သူ့သဘောသူဆောင်ကာ (အသစ်အသစ်)ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထို့အတူ ဖယောင်းတိုင်မီးကူးမှုတွင်လည်း ပထမဖယောင်းတိုင်မှ မီးသည် ဒုတိယဖယောင်းတိုင်ကို အခြေအနေပေးမှု (condition)အနေဖြင့်သာ ကျေးဇူး ပြုခြင်းဖြစ်သည်။ ဒုတိယဖယောင်းတိုင်၌ မီးတောက် မှုသည် ဒုတိယဖယောင်းတိုင်ရှိ တေဇောဓာတ်က

သူ့သဘောသူဆောင်ကာ မီးတောက်အသစ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မီးကူးပြောင်းခြင်းမျိုး လုံးဝမရှိပါ။

အခန်းတစ်ခုတွင် အမှောင်ကိုဖယ်လိုပါက အမှောင်ကို တိုက်ရိုက်ဖယ်၍မရပါ။ အလင်းဆိုသော အကြောင်းတရားကိုသာ အားထုတ်ရ၏။ မိမိသည် အကြောင်းတရားနှင့်သာသက်ဆိုင်၍ အကျိုးတရားသည် အကြောင်းတရားတို့ပြည့်စုံပါက သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းအမြင်သည် အကြောင်းအကျိုးကို အနတ္တအမြင်ဖြင့် ပိုင်းခြားသိမြင်ပြီး ပစ္စယပရိဂ္ဂဟဉာဏ်၏ အခြေခံသဘော တရား (concept) တစ်ခုကို ရရှိခြင်းဖြစ်ပေသည်။

## **"သစ္စာအကြောင်းအကျိုး"**

ဒုက္ခကို သမ္မုတိနယ်မှ သူသိငါသိ ရပ်ကွက်သိအနေဖြင့် ဆင်းရဲခြင်းကို ဒုက္ခဟု နားလည်ကြပါသည်။ ဥပမာ တဲဖြင့်နေရခြင်းသည်ဒုက္ခ၊ ခေါင်းကိုက်ခြင်းသည် ဒုက္ခ၊ ဗိုက်နာခြင်းသည် ဒုက္ခ၊ ကောင်းကောင်းမစားရခြင်းသည် ဒုက္ခစသည်ဖြင့် သိကြပါသည်။ ဘုရားရှင်ဆိုလိုသောဒုက္ခမှာ ထိုကဲ့သို့ မဟုတ်ပါ။ သမုဒယရှိပါက ဒုက္ခရှိပါသည်။ သမုဒယ မရှိပါက ဒုက္ခ မရှိပါ။ ဒုက္ခကို သမုဒယရှိ မရှိ အပေါ်တွင် မူတည်၍ ဓမ္မစကြာတရား

တော်တွင် ဟောကြားတော်မူခဲ့ပါသည်။ ဥပမာ တိုက်ဖြင့်နေရခြင်းသည် ချမ်းသာ၏၊ တဲဖြင့်နေရခြင်းသည် ဆင်းရဲ၏ဟု အများသိပါသည်။ သမ္မုတိနယ်အနေဖြင့်လည်း မှန်ပါသည်။ သမ္မုတိသစ္စာလည်း ထိုက်ပါသည်။ သို့သော်သစ္စာနယ်မှကြည့်လျှင် တိုက်ဖြင့်နေရသော်လည်း တိုက်အပေါ်တွင် သမုဒယရှိပါက ဒုက္ခရှိပါသည်။ တဲဖြင့်နေရသော်လည်း တဲအပေါ်တွင် သမုဒယမရှိပါက ဒုက္ခမရှိပါ။ ထို့ကြောင့် သစ္စာနယ်တွင် သမုဒယရှိမှ ဒုက္ခရှိခြင်းဖြစ်သည်။ သမုဒယမရှိပါက ဒုက္ခမရှိပါ။ သမုဒယကို မဂ္ဂဖြင့် ပယ်၍ သမုဒယ (အကြောင်း)ချုပ်ခြင်းကြောင့် ဒုက္ခ (အကျိုး) ချုပ်ခြင်းသည် နိရောဓဖြစ်ပါသည်။ ထို့ကြောင့် သစ္စာနယ်တွင် သမုဒယနှင့်ဒုက္ခ၊ မဂ္ဂနှင့် နိရောဓတို့သည် အကြောင်းအကျိုးအားဖြင့် ဆက်နွယ်နေကြ လေသည်။

ထိုသို့ သိမြင်ပါက ခန္ဓပဋိစ္စသမုပ္ပါဒ် ကြောင်း အကျိုးကိုလည်း အနုတ္တဉာဏ်အမြင်ဖြင့် နားလည် သိမြင်အောင် နှလုံးသွင်း အားထုတ်ရပေမည်။

၁၅

## "ခန္ဓာ နှင့် အကြောင်းအကျိုး"

မျက်စိ + အဆင်း ⟶ မြင်စိတ်

( အကြောင်း ) ( အကျိုး )

အကြောင်းအကျိုးကို အနတ္တအမြင်ဖြင့် နှလုံးသွင်းတတ်လျှင် အကြောင်းတရားဖြစ်သော မျက်စိနှင့်အဆင်းတိုက်ဆိုင်မှုသည် မိမိ၏ စေတနာနှင့် သက်ဆိုင်သော်လည်း အကျိုးတရားဖြစ်သော မြင်စိတ်သည် မိမိနှင့် (လုံး၀) မသက်ဆိုင်ပဲ အကြောင်းတရားတို့ ပြည့်စုံညီညွတ်မှုကြောင့် သူ့သဘော သူဆောင်ပြီး (အသစ်)ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အကြောင်းတရားတို့တွင် နီးသောအကြောင်း(ပစ္စယ)နှင့် ဝေးသောအကြောင်း (ဟေတု)ဟူ၍နှစ်မျိုးရှိ၏။ မြင်မှုတွင် မျက်စိနှင့်အဆင်း တိုက်ဆိုင်မှုသည် နီးသောအကြောင်းဖြစ်၍ အတိတ်မှကံသည် ဝေးသောအကြောင်းဖြစ်သည်။ သို့သော် အတိတ်မှကံသည် ပို၍အဓိကကျပါသည်။ ဥပမာကံကုန်၍သေဆုံးပြီးသောသူကို မျက်စိနှင့်အဆင်းတိုက်ဆိုင်ပေးသော်လည်း မြင်စိတ်မဖြစ်ပေါ်နိုင်တော့ပါ။ ထို့ကြောင့် မြင်မှုတွင် အကျိုးတရား မြင်စိတ်ဖြစ်ပေါ်ခြင်းသည် အတိတ်ကံဆိုသော ဟေတုအကြောင်းတရားသည်သာ ပဓာနကျပါသည်။

## “သားသမီး နှင့် အနတ္တ”

မိဘနှစ်ပါးတွင် သားသမီးများမွေးဖွားခြင်းကို အကြောင်းအကျိုးအားဖြင့် အနတ္တရှုထောင့်မှလည်း သိမြင်နိုင်ပါသည်။ မိဘနှစ်ပါး တွေ့ဆုံပေါင်းဖက် မှုသည် နီးသောအကြောင်းတရားဖြစ်၍ အတိတ်မှကံ သည် ဝေးသော အကြောင်းတရားဖြစ်သည်။ နီးသော အကြောင်းတရားရှိသော်လည်း အတိတ်မှဝေးသော အကြောင်း (ကံ)မရှိပါက သားသမီး မရနိုင်ပါ။

ထို့ကြောင့် မွေးဖွားလာသော သားသမီးသည် သူ၏ကံအကြောင်းတရားအတိုင်း သူ့သဘောသူ ဆောင်၍ဖြစ်ပေါ်လာသော အကျိုးတရားမျှသာဖြစ် လေသည်။ ဤကဲ့သို့ အကြောင်းအကျိုးကို အနတ္တ ဉာဏ်ဖြင့် မသိမြင်နိုင်သောကြောင့် အတ္တအမြင်ဖြင့် ငါ့သား၊ ငါ့သမီးအနေဖြင့် စွဲစွဲလမ်းလမ်းဖြစ်ပေါ် နေကြခြင်းဖြစ်သည်။ ဤသို့ဖြင့် သမ္မုတိနယ် ဖြစ်သော သားသမီးတို့ကို မပယ်ရသော်လည်း သမုဒယ (ခေါ်) တဏှာ ဥပါဒါန် (attachment)ကို ပယ်ရပေမည်။ မိဘတို့သည် ရေလောင်း ပေါင်းသင် မြေဩဇာကျွေး ခြင်းဆိုသော အကြောင်းတရားတို့ဖြင့်သာ သက်ဆိုင်၍ အကျိုးသည် သူ့သဘောသူဆောင်ဖြစ်ပေါ်ပေမည်။

## "နာမရူပပရိစ္ဆေဒဉာဏ်"

အထည်ခန္ဓာ (structural body) -

ယင်းသည် ခေါင်း ကိုယ် ခြေလက်ဖြစ်သည့် ဆရာဝန်တို့သိသော ခန္ဓာကိုယ်ကြီးဖြစ်ပါသည်။ ယင်းခန္ဓာကို သိမြင်ပါက ရောဂါပျောက်ပါသည်။ (ယင်းခန္ဓာတွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပါ၏)

သဘောခန္ဓာ (functional body) -

ယင်းသည် ဘုရားရှင်ဟောကြားတော်မူသော ရုပ်နာမ်ခန္ဓာဖြစ်ပါသည်။ ယင်းခန္ဓာကိုသိမြင်ပါက ကိလေသာ ပျောက်ပါသည်။ (ယင်းခန္ဓာသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ကင်း၏။)

**(အထည်ခန္ဓာ) - (သဘောခန္ဓာ)**

၁။ မျက်စိ - မြင်သည့် နာမ်ရုပ်၏ တည်ရာ (စက္ခာယတန)

၂။ နား - ကြားသည့် နာမ်ရုပ်၏ တည်ရာ (သောတာယတန)

၃။ နှာ - နံသည့် နာမ်ရုပ်၏ တည်ရာ (ဃာနာယတန)

၄။ လျှာ - စားသည့် နာမ်ရုပ်၏ တည်ရာ (ဇိဝှာယတန)

၅။ ကိုယ် - ထိသည့် နာမ်ရုပ်၏ တည်ရာ
(ကာယာယတန)

၆။ မနော - တွေးသည့် နာမ်ရုပ်၏ တည်ရာ
(မနာယတန)

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောသည် သမ္မုတိနယ်ဖြစ်၍ အမြဲရှိသော နိစ္စအမြင်ဖြင့် မိစ္ဆာဒိဋ္ဌိ အယူမှားရှိ၏။ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်သော နာမ်ရုပ်သည် ပရမတ်နယ်ဖြစ်၍ မမြဲသော အနိစ္စအမြင်ဖြင့် သမ္မာဒိဋ္ဌိ အယူမှန် (right view) ဖြစ်လေသည်။

## "ရုပ်၏သဘော"

မျက်စိနှင့်ဆက်ဆံသောရုပ်သည် အဆင်း (ရူပါရုံ)၊ နားနှင့်ဆက်ဆံသော ရုပ်သည် အသံ (သဒ္ဒါရုံ)၊ နှာခေါင်းနှင့်ဆက်ဆံသော ရုပ်သည် အနံ့ (ဂန္ဓာရုံ)၊ လျှာနှင့်ဆက်ဆံသော ရုပ်သည် အရသာ (ရသာရုံ)၊ ကိုယ်နှင့် ဆက်ဆံသော ရုပ်သည် အထိ (ဖေါဋ္ဌဗ္ဗာရုံ)၊ မနောနှင့် ဆက်ဆံသော ရုပ်သည် သဘော (ဓမ္မာရုံ)ဖြစ်ပါသည်။

ပရမတ်ရုပ်၏သဘောသည် အပြောလွယ် သလောက် အသိမလွယ်ပါ။ ဥပမာ ရွှံ့ခဲတစ်ခုကို ခွေးပုံလုပ်ပါက ခွေးဖြစ်၏၊ ယင်းခွေးရုပ်ကို ရွှံ့ခဲပြန် လုပ်၍ နွားပုံလုပ်ပါက နွားဖြစ်ပြန်၏၊ ယင်းနွားရုပ်ကို

ရွှံ့ခဲပြန်လုပ်၍ လူပုံလုပ်ပါက လူဖြစ်ပြန်၏၊ အစစ်အမှန်တွင် ခွေး နွား လူတို့သည် တကယ်မရှိပါ၊ ရွှံ့သာရှိပါသည်။ ထို့အတူ မောင်ဖြူ မောင်နီ မောင်မဲဟု ခေါ်သံကြားပါက ပုဂ္ဂိုလ်၊ သတ္တဝါဟု အယူမှားကြပါသည်။ အမှန်မှာ အရှိတရားဖြစ်သော(အသံ)၏ ဖွဲ့စည်းပုံပြောင်းနေခြင်းသာ ဖြစ်ပါသည်။ ရွှံ့ကို ပုံသဏ္ဌာန် အမျိုးမျိုးပြောင်းနေခြင်းနှင့်တူပါသည်။ တကယ့် အရှိတရားမှာ အသံဆိုသော ရုပ်ပရမတ်တရားသာ ဖြစ်ပါသည်။

## "အထည်ရုပ် နှင့် သဘောရုပ်"

နှာခေါင်းလို့ပြောသံကြားပါက မိမိမျက်နှာရှိ အထည်ဒြပ် နှာခေါင်းရုပ်ကိုသာ သိကြပါသည်။ အမှန်မှာ နားနှင့်ဆက်ဆံသောရုပ်သည် အသံရုပ် (သဒ္ဒါရုံ) သာဖြစ်သည်။ နှာခေါင်းကို မျက်စိဖြင့်မြင်ရပါက အဆင်းရုပ် (ရူပါရုံ)သာဖြစ်သည်။ နှာခေါင်းကို လက်ဖြင့်ထိပါက အထိရုပ် (ဖေါဋ္ဌဗ္ဗာရုံ) ဖြစ်သည်။ နှာခေါင်းကို စိတ်ဖြင့်တွေးထင်ပါက သဘောရုပ် (ဓမ္မာရုံ) ဖြစ်သည်။ ထိုသို့ အာရုံဖြစ်သော သဘောရုပ်ကို သိမြင်ပါက နှာခေါင်းဆိုသော ပညတ်အထည်ခန္ဓာ (structural body)နှင့် အာရုံဆိုသော ပရမတ် သဘောခန္ဓာ (functional body)တို့ကို ပိုင်းခြား

သိမြင်နိုင်ပေမည်။ ထိုအခါ ဒိဋ္ဌိ (အယူမှား)တို့ဖြင့် ပြင်းစွာ စွဲလမ်းမှုမှ စတင်လွတ်မြောက်နိုင်ပေမည်။

## “နာမ်သဘော”

နာမ်သည် ညွှတ်တတ်သောသဘောရှိသည်။ နာမ်ခန္ဓာ (၄)ပါးရှိသည်။

၁။ဝိညာဏက္ခန္ဓာ - အာရုံကို သိသောသဘော
၂။ဝေဒနာက္ခန္ဓာ - အာရုံကို ခံစားသောသဘော
၃။သညာက္ခန္ဓာ - အာရုံကို မှတ်သားသောသဘော
၄။သင်္ခါရက္ခန္ဓာ - အာရုံကို စေ့ဆော်သောသဘော

ဥပမာ နှာခေါင်းလို့ ပြောသံကြားပါက မိမိတွင် သညာသာပေါ်ပါသည်။ မွေးလာစဉ်အခါက နှာခေါင်း ဟု မသိပါ။ သူများပြောသံကြား (သဒ္ဒါရုံ)ကို သညာဖြင့် မှတ်သားထားခြင်းသာဖြစ်သည်။ သို့သော် သညာ (နာမ်)ပေါ်သည်ဟု မသိကြပဲ ငါသိသည် ငါမှတ်သည် ဟု ယူဆကြပါသည်။ သညာ(နာမ်)ကို (ငါ)ဟု ဒိဋ္ဌိဖြင့် အယူမှားခြင်းဖြစ်သည်။ သို့သော် သညာ(နာမ်)၏ ပရမတ်သည် အာရုံကို မှတ်သားတတ်သော (သဘော) မျှ(ကြိယာ)သက်သက်သာဖြစ်ပါသည်။ ထို့အတူ ဝေဒနာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည်လည်း ငါသူမဟုတ်၊ ကြိယာသဘောမျှသာဖြစ်ကြလေသည်။

## “ မနောဒွါရ နှင့် ဓမ္မာရုံ ”

**(မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်)  (အဆင်း၊အသံ၊အနံ့၊အရသာ၊အထိ)**



**(မနောဒွါရ)  (ဓမ္မာရုံ)**

**စိတ် + ဥပါဒါန်  ပုဂ္ဂိုလ်၊သတ္တဝါ(ပညတ်)**

**မဂ္ဂင်(၅)ပါး  နာမ်ရုပ် (သဘောခန္ဓာ)**

စက္ခုဒွါရနှင့်ရူပါရုံ၊ သောတဒွါရနှင့်သဒ္ဒါရုံ၊ ဃာနဒွါရနှင့် ဂန္ဓာရုံ၊ ဇိဝှာဒွါရနှင့် ရသာရုံ၊ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံဆိုသော ဒွါရ (၅)ခုနှင့် အာရုံ (၅)ခုကို အသိများကြသော်လည်း မနောဒွါရနှင့်ဓမ္မာရုံကို အသိနည်းကြပါသည်။ သို့သော် ဝိပဿနာရှုမှုပွားတွင် မနောဒွါရနှင့် ဓမ္မာရုံသည် အဓိကကျပါသည်။

မျက်စိသည် ပြင်ပ သမုတိနယ်တွင်ရှိသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုနှင့် တိုက်ဆိုင်သောအခါ မျက်စိတွင် အဆင်းပုံရိပ်(image)သာ ပေါ်ပါသည်။

ပရမတ်နယ်သည် မျက်စိမှစသည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မျက်စိသည် အဆင်း အရောင် (colour)နှင့်သာ ဆက်ဆံပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် မျက်စိထဲဝင်၍ မရပါ။ မျက်စိတွင် အဆင်းပုံရိပ်ပေါ်သည်နှင့်တစ်ပြိုင်နက် မနောဒွါရတွင်လည်း ပုံရိပ်(image)ပေါ်ပါသည်။ ယင်းသည် ဓမ္မနိယာမဖြစ်ပါသည်။ သို့သော် မနောဒွါရတွင် ပုံရိပ်ပေါ်သော်လည်း ထင်ထင်ရှားရှား မသိနိုင်သေးချေ။ ယင်းပုံရိပ်သည် ဓမ္မာရုံအဖြစ်ပေါ်ပြီး မနောမှ ဆင်ခြင်ကာ ပုံသဏ္ဍာန်အမည်တို့ဖြင့် ပညတ်ပြု၍ ထင်ထင်ရှားရှား သိခွင့်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မျက်စိမှမြင်ခြင်း (seeing) ဖြစ်၍ မနောကသိခြင်း (recognising)ဖြစ်ပါသည်။ ထိုသို့ မျက်စိမှမြင်၍ မနောကသိမှုဖြစ်စဉ်ကို နားလည်သဘောပေါက်ပါက နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ဖြင့် သိမှုဖြစ်စဉ်တို့သည်လည်း တစ်သဘောတည်းအတူတူပင်ဖြစ်လေသည်။ နားကကြား၍မနောကသိ၏၊ နှာခေါင်းကနံ၍ မနောကသိ၏၊ လျှာကစား၍ မနောကသိ၏၊ ကိုယ်ကထိ၍မနောကသိ၏။ သို့သော် အတွေးသိမှုဖြစ်စဉ်တွင် မနောသည် ပြင်ပမှ အာရုံတို့ကို မယူ

တော့ပဲ ပုံတွင်ပြထားသည့်အတိုင်း မနောသည် ဓမ္မာရုံအဖြစ်ပေါ်သော အာရုံကိုသာဆင်ခြင်ပြီး သိခွင့်ရခြင်း ဖြစ်လေသည်။ ဥပမာ မျက်စိမှိတ်ပြီး ရွှေတိဂုံစေတီတော်ကြီးကို ဆင်ခြင်ပါက ဓမ္မာရုံအဖြစ် အာရုံပေါ်၍ မနောဝိညာဏ်(စိတ်)ကသိရခြင်း ဖြစ်ပါသည်။

မျက်စိမှ မြင်စိတ်သည် မြင်သော်လည်း ကွဲကွဲပြားပြား မသိနိုင်ချေ။ ယင်းသည် အာရုံကို လက်ခံရာဌာန (Receptor)သဘောမျိုးသာဖြစ်၏။ အမှန်တကယ်သိရခြင်းမှာ မနောတွင် ဆင်ခြင်စိတ်ဖြစ်ပေါ်ပြီး အမည်နှင့်ပုံသဏ္ဌာန်တို့ကို ပညတ်တင်၍သိသော စိတ်ကြောင့်ဖြစ်သည်။ မျက်စိသည် ရူပါရုံနှင့်သာ ဆက်ဆံ၏။ နားသည် သဒ္ဒါရုံ၊ နှာခေါင်းသည် ဂန္ဓာရုံ၊ လျှာသည် ရသာရုံ၊ ကိုယ်သည် ဖေါဋ္ဌဗ္ဗာရုံစသည်ဖြင့် သူ့ဒွါရနှင့်သူ့အာရုံအလိုက် ပစ္စုပ္ပန်တည့်တည့်နှင့် ဆက်ဆံကြသော်လည်း မနောဒွါရသည် အာရုံအားလုံးနှင့်ဆက်ဆံပါသည်။ သို့သော် တွေးမှုဖြစ်စဉ်တွင် ဓမ္မာရုံဖြင့်သာဆက်ဆံ၍ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အာရုံအားလုံးကို သိခွင့်ရခြင်းဖြစ်လေသည်။

ထို့ကြောင့် လက်တွေ့တွင် မနော၌ ဆင်ခြင်စိတ်ဖြစ်မှသာ သိရခြင်းဖြစ်သည်။ မနောဒွါရမှာ

ဖြစ်သောစိတ်သည် အာရုံကိုသာ သိရလေသည်။ ထိုကြောင့် အာရုံနှင့်စိတ်သာရှိ၏။ ဤသို့ဆိုလျှင် ပြင်ပ သမုတိနယ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုရှိပြီး မျက်စိကမြင်၍ မနောကသိရသည်မှာ ပရမတ်နယ်မှ အာရုံသဘောကိုသာ စိတ်ကသိခွင့်ရခြင်း ဖြစ်လေသည်။ သို့သော် အာရုံကိုအာရုံဟု အမှန်မသိနိုင်ပါ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုဟု အယူမှား အထင်မှား၏။ ထိုသို့ဖြစ်ရခြင်းမှာ မနော၌ ဥပါဒါန်ရှိနေသောကြောင့် ဖြစ်ပါသည်။

သိမှုဖြစ်စဉ်တွင် မြင်စိတ်သည် အရှိတရား အဆင်းအာရုံ(အရောင်)ကိုသာ သိသင့်ပါသော်လည်း မနော၌ ဥပါဒါန်ရှိနေသောကြောင့် အာရုံသဘောကို အခိုင်အမာ အနှစ်သာရပြု၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအနေဖြင့် မနောကသိခြင်းဖြစ်သည်။ ဥပမာ ရုပ်ရှင်ပိတ်ကား၊ တီဗွီဖန်သားပြင်တို့တွင် အဆင်း အရောင်(colour)တို့သာပေါ်ပါသည်။ မနောတွင် ဥပါဒါန်ရှိသောကြောင့် ယင်းအဆင်းပုံရိပ်တို့ကို ဓမ္မရုံ တွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအဖြစ် အမှန်တကယ် အစစ်ထင်ပြီး အထင်မှား အယူမှားခြင်းဖြစ်လေသည်။

ပုထုဇဉ်တို့၏သိမှုဖြစ်စဉ်တွင် မနောဒွါရ၌

စိတ်နှင့် ဥပါဒါန်ဖြစ်ပေါ်၏။ ဥပါဒါန်ဟုဆိုသော်လည်း မူလတရားနှစ်ပါးဖြစ်သော (အဝိဇ္ဇာနှင့်တဏှာ)တို့ ပါဝင်ပြီးဖြစ်၏။ ယင်းတရားနှစ်ပါးသည် အဓိက ကြိုးကိုင်ဖြစ်၏။ အဝိဇ္ဇာ-အမှန်မသိမှု၊ တဏှာ-နှစ်သက်မှု၊ ဥပါဒါန်-စွဲလမ်းမှုတို့၏အစွမ်းကြောင့် အာရုံ၏ သဘောကို အခိုင်အမာ အနှစ်သာရပြု၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအဖြစ် အထင်မှားပြီး သိမြင်သွားခြင်း ဖြစ်လေသည်။

| (မနောဒွါရ) | (ဓမ္မာရုံ) |
|---|---|
| စိတ်+ဥပါဒါန် (သမုဒယသစ္စာ) | ပုဂ္ဂိုလ် သတ္တဝါ (ပညတ်) |
| ဝိပဿနာဉာဏ် (မဂ္ဂင်ငါးပါး) | နာမ်ရုပ် (ဒုက္ခသစ္စာ) |
| မဂ်ဉာဏ် (မဂ္ဂသစ္စာ) | နိဗ္ဗာန် (နိရောဓသစ္စာ) |

တရားနှလုံးသွင်း ပွားများသောအခါ ဝိပဿနာဉာဏ်သည် မနောဒွါရမှာ ဖြစ်၏။ ထိုအခါ မနောဒွါရတွင် တစ်ချိန်၌ နှစ်စိတ်ပြိုင် မဖြစ်နိုင်သောကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် (သမုဒယသစ္စာ)ဖြစ်ခွင့် မရတော့ချေ။ မဂ္ဂင်တရားပွားများသောကြောင့် ဓမ္မာရုံမှာ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်) အမြင်များ ချုပ်ပျောက်ပြီး (ပရမတ်)ရုပ်နာမ်ပေါ်၏။ ထိုနာမ်ရုပ်အပေါ်တွင်

အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာဝင်ပြီး ဒုက္ခသစ္စာ ဖြစ်သော ရုပ်နာမ်ဆင်းရဲအမှန်ကို နိရောဓသစ္စာ ဆိုက်အောင် နှလုံးသွင်း ရှုပွားခြင်း ဖြစ်လေသည်။

## " ဝင်လေထွက်လေ နှင့် ဓမ္မာရုံ "

ရွှေတိဂုံစေတီတော်ကြီးသည် ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ အမြဲတည်နေပါသည်။ မိမိတို့ နှလုံးသွင်း ဆင်ခြင်လိုက်သောအခါ ဓမ္မာရုံ အဖြစ် အာရုံပေါ်ပါသည်။ နှလုံးမသွင်းတော့သည်နှင့် ထိုအာရုံ မရှိတော့ပါ။ မိမိတို့သိရသည်မှာ အခိုင်အမာ၊ အနှစ်သာရမရှိသော အာရုံသဘောသာ ဖြစ်ပါသည်။

ထိုနည်းတူ ဝင်လေထွက်လေသည် နှာသီးဖျား မှာအမြဲရှိပါသည်။ တရားရှုမှတ်သောအခါ ဝင်လေ ထွက်လေကို ဆင်ခြင်၍ နှလုံးသွင်းလိုက်သည်နှင့် မိမိ မျက်နှာရှိ နှာခေါင်းနှင့်လေကိုသာသိရသည်ဟု ထင်ကြ ပါသည်။ သို့သော် မိမိတကယ်သိရသည်မှာ ဝင်လေ ထွက်လေ(အာရုံ)ကို ဓမ္မာရုံအဖြစ် သိရခြင်းဖြစ်သည်။ နှာခေါင်းမှာ ဝင်လေထွက်လေသည် အမြဲရှိနေသော် လည်း မဆင်ခြင်သမျှ အာရုံအနေဖြင့် မပေါ်သော ကြောင့် မသိရခြင်းဖြစ်သည်။ မိမိသိရသော ဝင်လေ ထွက်လေသည် (အာရုံ)ဝင်လေထွက်လေသာ ဖြစ်ပါ

သည်။ ဤကဲ့သို့ အာရုံ၏သဘောကို ခွဲခြား သိမြင်ပါက ဝိပဿနာအားထုတ်ရာတွင် များစွာ အထောက်အကူ ပြုပေမည်။ (တရား စတင် အားထုတ်သူတို့သည် ပဋ္ဌာရုံ(ပရမတ်)ကို တိုက်ရိုက် အာရုံမပြုနိုင်ပါ။ ပညတ်မလွတ်သေးသော ဓမ္မာရုံမှာပင် အဝိဇ္ဇာ၊တဏှာ၊ ဉပါဒါန်မှ ရှုန်းကန်နေရသောအချိန် ဖြစ်ပါသည်။)

## " ဓာတ်ကြီးလေးပါး နှင့် အာရုံ "

လောကတွင် သဘာဝတရားတို့သည်သူ့သဘော သူဆောင်ပြီး အကြောင်းအကျိုးအားဖြင့် တည်ရှိနေခြင်းဖြစ်သည်။ ဉပမာ - သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ မီးစသည်တို့သည် သမ္မုတိနယ်မှ သဘာဝတို့ ဖြစ်ကြသည်။ ပရမတ်အနေဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်ကြီးလေးပါးတို့၏ အစုအပေါင်း သဘောတရားများသာ ဖြစ်ကြပါသည်။

သို့သော် သိမှုဖြစ်စဉ်တွင် ထိုသဘာဝတို့ကို ကိုယ် (ကာယဒွါရ)ဖြင့် တိုက်ရိုက်ဆက်ဆံနိုင်သော်လည်း တကယ်သိမှုသည် မနောမှာဖြစ်ပေါ်သော စိတ်ကသာ သိရခြင်းဖြစ်သည်။ ထိုကြောင့် မနောမှ သိရသောစိတ်သည် အမည်ပညတ်ပြုထားသော မာပျော့ (ပထဝီ)၊ ယိုစီး ဖွဲ့စည်း (အာပေါ)၊ ပူအေး

(တေဇော)၊ ထောက်ကန် တွန်းတိုး (ဝါယော) စသည်တို့ကိုသာ သိရသောကြောင့် ခေတ်ကြီးလေးပါးကို ဓမ္မာရုံတွင် (သဘာဝလက္ခဏာ)အနေဖြင့်သာ သိခွင့်ရနေခြင်းဖြစ်သည်။ သို့သော် ပရမတ်အာရုံ၏ သဘောမှာ မာခြင်းသည် အခိုင်အမာ အနှစ်သာရအားဖြင့် တကယ်မာသည်မဟုတ်၊ မာသည့်အခြင်းအရာမျှသာဖြစ်သော အာရုံသဘောကိုသာ ဉာဏ်ဖြင့်သိရခြင်းဖြစ်သည်။ ပူမှုသည်လည်း အခိုင်အမာ အနှစ်သာရအားဖြင့် တကယ်ပူသည်မဟုတ်၊ ပူသည့်အခြင်းအရာ လက္ခဏာဖြစ်သည့် အာရုံသဘောသက်သက်ကိုသာ သိခွင့်ရခြင်းဖြစ်လေသည်။

ဥပမာ မှန်ကြည့်သည်နှင့်တူ၏။ မှန်သည် (ပြင်ပ)သဘာဝတို့နှင့် တိုက်ရိုက်ဆက်ဆံရသော်လည်း မှန်တွင် ပုံရိပ်သာပေါ်ပါသည်။ မှန်ကို ကြည့်သောအခါ ပုံရိပ်ကိုသာ သိရပါသည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတွင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်သည် အာရုံကို တိုက်ရိုက် ဆက်ဆံနိုင်သော်လည်း မနောမှ စိတ်သည် မှန်မှာပုံရိပ်ထင်သကဲ့သို့ အခိုင်အမာ အနှစ်သာရဖြင့် စွဲယူမရနိုင်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုမဟုတ်သည့် အာရုံသဘောသက်သက်ကိုသာ

သိမြင်နိုင်လေသည်။

## "အစိုးမရသည့် အနတ္တနှင့် အနှစ်သာရမရှိသည့် အနတ္တ"

ဓာတ်ကြီးလေးပါးသည် ဥတုကြောင့်အမြဲ ဖောက်ပြန်ပြောင်းလဲနေသော သဘာဝတရားများ ဖြစ်ကြသည်။ ထိုပြောင်းလဲနေသောသဘာဝတို့ကို မိမိ အလိုအတိုင်း အစိုးမရပါ။ သူ့သဘောသူဆောင် နေခြင်းသာဖြစ်ပါသည်။ ထိုကြောင့် သဘာဝ၏ အနတ္တလက္ခဏာသည် အစိုးမရခြင်း၊ သူ့သဘော သူဆောင်ခြင်းတို့ကို နားလည်လက်ခံကြပါသည်။

မိမိတို့သိခွင့်ရသော ဓာတ်ကြီးလေးပါး (ထိမှု) တို့သည် ကာယဒွါရ (ကိုယ်)မှာ အကြောင်းတိုက်ဆိုင် မှသာ ဖြစ်ပေါ်သော ကာယဝိညာဏ်ဖြင့် သိရသော ဖေါဋ္ဌဗ္ဗာရုံ (အထိအာရုံ)သာဖြစ်လေသည်။ အကြောင်း ကင်းသည်နှင့် ထိုအာရုံကိုသိသော ဝိညာဏ်ချုပ် ပျောက်၏။ ထိုကဲ့သို့ အကြောင်းအကျိုးအားဖြင့် ဖြစ်ပေါ်ချုပ်ပျောက်နေခြင်းသည်လည်း သူ့သဘော သူဆောင်နေ ခြင်းဖြစ်ပါသည်။ သို့သော် ကာယ ဝိညာဏ်ဖြင့် သိရသောအာရုံတွင် အခိုင်အမာ

အနှစ်သာရ မရှိခြင်း (အသာရကဋ္ဌေနအနတ္တာ) သဘောသည် အလွန်ထင်ရှားသော လက္ခဏာ ဖြစ်ပါသည်။ တရားအားထုတ်သူတို့တွင် သဘာဝခေတ်ကြီး လေးပါးတွင် အစိုးမရခြင်း၊ သူ့သဘောသူဆောင်ခြင်း လက္ခဏာများကို သိမြင်နိုင်ကြသော်လည်း အခိုင်အမာ အနှစ်အသားအားဖြင့် (ဒြပ်ပညတ်)ကျန်ရှိနေတတ်ပါသည်။ အပေါင်းအစုသဘော (သမူဟဃန) ပြိုရန် လိုနေတတ်ပါသည်။

ထိုကြောင့် ဝိပဿနာတွင် အာရုံ၏ အခိုင်အမာ အနှစ်သာရ အမာခံ မရှိခြင်း (အသာရကဋ္ဌေန အနတ္တာ)ဆိုသော အနတ္တလက္ခဏာသဘောကို ထိုးထွင်း သိမြင်နိုင်မှသာ ဒိဋ္ဌိဖြင့် အာရုံတို့ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုပြု၍ အခိုင်အမာအားဖြင့် လည်းကောင်း၊ အနှစ်သာရအားဖြင့်လည်းကောင်း အယူမှား (ဒိဋ္ဌိ)နှင့် ပြင်းစွာ စွဲလမ်းခြင်း (ဥပါဒါန်)မှ လွတ်မြောက်နိုင်ပေမည်။ (ခန္ဓာ၏ သဘာဝသည် သဘောတရား သက်သက်သာ ဖြစ်ပါသည်။)

## “ ပဋိစ္စသမုပ္ပါဒ် နှင့် အကြောင်းအကျိုး ”

| | |
|---|---|
| အဝိဇ္ဇာ<br>သင်္ခါရ | အတိတ်အကြောင်း |
| ဝိညာဏ်<br>နာမ်ရုပ်<br>သဠာယတန<br>ဖဿ<br>ဝေဒနာ | ပစ္စုပ္ပန်အကျိုး |
| တဏှာ<br>ဥပါဒါန်<br>ကမ္မဘဝ | ပစ္စုပ္ပန်အကြောင်း |
| ဇာတိ<br>ဇရာမရဏ | အနာဂတ်အကျိုး<br>(ဒုက္ခသစ္စာ) |

ပဋိစ္စသမုပ္ပါဒ်ကို အကြောင်းအကျိုးအားဖြင့် ပိုင်းခြားလျှင် အဝိဇ္ဇာ၊ သင်္ခါရသည် အတိတ်အကြောင်း ဖြစ်၍ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ သည် ပစ္စုပ္ပန်အကျိုးဖြစ်သည်။ တစ်ဖန် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝသည် ပစ္စုပ္ပန်အကြောင်းဖြစ်ပြန်၍ ဇာတိ၊ ဇရာ မရဏသည် အနာဂတ်အကျိုး ဖြစ်ပြန်

ပါသည်။ ဤသို့ အကြောင်းတစ်လှည့်၊ အကျိုး တစ်လှည့် ဖြစ်ပေါ်နေခြင်းဖြင့် အကြောင်းအကျိုး ဘဝသံသရာသည် မဆုံးနိုင်တော့ချေ။

အကြောင်းတရားသည် သမုဒယသစ္စာထိုက် ၍ အကျိုးတရားသည် ဒုက္ခသစ္စာထိုက်ပါသည်။ ယခုအခါ မြင်လိုက်၊ ကြားလိုက်သည်နှင့် ပစ္စုပ္ပန် အကျိုး တရား (ခန္ဓာငါးပါး) ဖြစ်လေသည်။ ယင်းသည် ဒုက္ခ သစ္စာဖြစ်၏။ ထို့ကြောင့် မြင်သောအခါ ဖြစ်ပေါ်သော ခန္ဓာငါးပါးကို ယောကျ်ား၊ မိန်းမအနေဖြင့် အသိမှားမှု အဝိဇ္ဇာကြောင့် တွယ်တာမှု (တဏှာ)၊ စွဲလမ်းမှု (ဥပါဒါန်) ဖြစ်ပေါ်၏။ စွဲလမ်းမှု ဥပါဒါန်ကြောင့် မိမိ အလိုအတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အားထုတ်မှု (သင်္ခါရ)ပြုလုပ်သောအခါ ကုသိုလ်၊ အကုသိုလ် (ကံ)တို့ဖြစ်ပေါ်လေသည်။ ထိုအခါ နောက်ဘဝ နောက်ခန္ဓာကို ဖြစ်စေသောအကြောင်း သမုဒယသစ္စာထိုက်လေသည်။

ထို့ကြောင့် ဘဝဆိုသည်မှာ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ပဋိစ္စသမုပ္ပါဒ် အကျိုးတရား (ခန္ဓာငါးပါး)ကို အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အစွမ်း ကြောင့် ပုဂ္ဂိုလ် သတ္တဝါအယူဖြင့် မိမိအလိုအတိုင်း

အားထုတ်မှု(သင်္ခါရ)ပြုကာ ကုသိုလ်အကုသိုလ်ကံ အကြောင်းတရားများဖြစ်ပေါ်နေသလို သစ္စာအားဖြင့်လည်း အကျိုး ဒုက္ခသစ္စာနှင့် အကြောင်း သမုဒယ သစ္စာတို့သာ ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။

ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို သိမြင်နားလည်ပါက ဝိပဿနာ၏ အခြေခံသဘောတရားဖြစ်သော ရုပ်နာမ်၊ အကြောင်းအကျိုးကို အနတ္တဉာဏ်ဖြင့် သိမြင်ပြီး ဒုက္ခသစ္စာ (ခန္ဓာငါးပါး)က သိရမည့်အကျိုး တရား၊ သမုဒယသစ္စာ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်)က ပယ်ရမည့် အကြောင်းတရားဟူ၍ ပိုင်းခြားသိမြင် နိုင်ပေမည်။

ထိုအခါ သမုဒယသစ္စာကို မဂ္ဂသစ္စာဖြင့် ပယ်၍ သမုဒယ မရှိသောကြောင့် ဒုက္ခငြိမ်းခြင်းသည် အကြောင်းချုပ်သဖြင့် အကျိုးချုပ်သော နိရောဓ သစ္စာ ဆိုက်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ် ကို နားလည်သိမြင်ခြင်းဖြင့် သမ္မုတိနယ်မှ ပရမတ်နယ် သို့ရောက်ကာ သစ္စာဝင်သည်အထိ နှလုံးသွင်း ပွားများ အားထုတ်နိုင်ပေမည်။

## “ ဝဋ်သုံးပါးနှင့် လောကီသစ္စာလေးပါး ”

ပဋိစ္စသမုပ္ပါဒ်ဒေသနာတွင် ပစ္စုပ္ပန်အကျိုးတရား (၅)ပါးသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ဖြစ်၏။

ပစ္စုပ္ပန်အကြောင်းတရား (၅)ပါးသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံတို့ ဖြစ်ပါသည်။ ဝဋ်သုံးပါးကို သစ္စာလေးပါးနှင့်ယှဉ်၍ သိသင့်ပေသည်။

(၁) အကျိုးတရား (နာမ်ရုပ်) ဝိပါကဝဋ်
- ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း

(၂) အကြောင်းတရား (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) ကိလေသဝဋ်
- သမုဒယသစ္စာကို ပယ်ခြင်း

(၃) အကြောင်းတရားကိုပယ်ပြီး အကျိုးတရား အပေါ်မှာ လက္ခဏာသုံးပါးတင်၍ မဂ္ဂသစ္စာ ပွားခြင်း

(၄) အကြောင်းတရား ကမ္မဝဋ် (ကံ)ချုပ်ခြင်းကြောင့် အနာဂတ်အကျိုးတရား (ဝိပါကဝဋ်) ချုပ်ခြင်းသည် နိရောဓသစ္စာ ဆိုက်ခြင်းဖြစ်၏။

## ဝိပဿနာပွားခြင်းအပိုင်း

## " ပဋိစ္စသမုပ္ပါဒ် နှင့် ဝိပဿနာ "

| (ရှေ့စိတ်) | (နောက်စိတ်) | (မဂ်စိတ်) |
|---|---|---|
| ဝိညာဏ် | အဝိဇ္ဇာ | သမ္မာဒိဋ္ဌိ |
| နာမ်ရုပ် | တဏှာ | သမ္မာသင်္ကပ္ပ |
| သဠာယတန | ဥပါဒါန် | သမ္မာဝါယာမ |
| ဖဿ | သင်္ခါရ | သမ္မာသတိ |
| ဝေဒနာ | ကံ | သမ္မာသမာဓိ |
| (အကျိုး) | (အကြောင်း) | (မဂ္ဂင်ငါးပါး) |

ပုထုဇဉ်တို့တွင် မြင်၊ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့၌ ရှေ့စိတ်နှင့် နောက်စိတ်များ ဆက်တိုက်ဖြစ်ပေါ်ကြသည်။ ရှေ့စိတ်သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့မှာ ဖြစ်ပေါ်၍ နောက်စိတ်သည် မနောမှာ ဖြစ်ပေါ်သည်။ ဥပမာ မြင်စိတ်သည် အာရုံကိုလက်ခံသည့်သဘောသာဖြစ်၍ မနောမှ နောက်စိတ်ကသိခြင်းဖြစ်ပါသည်။ မျက်စိကမြင်ခြင်း(seeing)ဖြစ်၍ မနောကသိခြင်း (recognizing)ဖြစ်သည်။ စာဖတ်ခြင်းတွင် စာကို မျက်စိကမြင်သော်လည်း မနောမှ နောက်စိတ်က

စာကို ဖတ်ခြင်း၊ သိခြင်း၊ အမှတ်ပြုခြင်းဖြစ်သည်။ ကြားမှုတွင်လည်း နားတွင်ဖြစ်သော ကြားစိတ်သည် အသံကို လက်ခံသည့်သဘောသာ (hearing)ဖြစ်၍ မနောမှ နောက်စိတ်တို့ကသာ လူသံ၊ ခွေးသံ၊ ငှက်သံ စသည်ဖြင့် ခွဲခြားသိခြင်း (recognizing)ဖြစ်သည်။ စားမှုတွင် လျှာသည် အရသာကိုသာသိ၏။ ချိုသည်၊ ခါးသည်စသည်ဖြင့် အမည်နာမတို့ဖြင့် မနောမှ နောက်စိတ်က ပညတ်ပြုခြင်းဖြစ်သည်။

ဥပမာ (dog) "ဒေါ့"ဟု ကြားပါက နားတွင် အသံ "ဒေါ့"ကိုသာ ကြားပါသည်။ မနောကခွေးဟု သိခြင်းဖြစ်သည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ရှေ့စိတ်ဖြစ်ပေါ်ပြီး နောက်စိတ်တို့ လိုက်ကာ အနည်းဆုံး မနောကံအသိအထိ ဖြစ်ပေါ် လေသည်။ ထိုအခါ ပဋိစ္စသမုပ္ပါဒ်အဆုံး (ကံ)အထိ ရောက်လေသည်။ ထို့ကြောင့် ကြားစိတ်ဖြစ်ပြီး မနောက သတိဖြင့် မဂ္ဂင်အသိလိုက်နိုင်ပါက ကြားရင် ကြားတယ်မှတ်သည် အသံသဘောသက်သက်ကိုသာ အရှုဉာဏ်ဖြင့် ပုဂ္ဂိုလ်သတ္တဝါအယူဖြစ်သည့် လောက ပညတ်သိ လွတ်အောင် နှလုံးသွင်းခြင်း ဖြစ်လေသည်။

ရှေ့စိတ်ဖြစ်ပြီး မနောက မဂ်စိတ်လိုက်လိုပါက

မြင် ၊ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ရှေ့စိတ်အပေါ် ဥပါဒါန်ကပ်သည်ကို ဦးစွာ မြင်အောင်ကြည့်သင့်ပေသည်။ မြင်ခြင်းသည် ရှေ့စိတ်ဖြစ်၍ ဥပါဒါန်ကပ်ခြင်းသည် နောက်စိတ်ဖြစ်လေသည်။ မြင်မှုအပေါ်တွင် ဥပါဒါန်ကပ်သည်ကို သတိပြုမိပါက သတိပြုမိသောအချိန်တွင် ထိုဥပါဒါန်ချုပ်၏။ သတိနှင့် ဥပါဒါန်သည် တစ်ချိန်၌ နှစ်ခု တစ်ပြိုင်နက် မဖြစ်နိုင်ပါ။ ထိုအခါ ဥပါဒါန်ဖြစ်ပျက်၊ သိခြင်းကမဂ်ဖြစ်ပြီး သတိဖြင့်မဂ္ဂင်အသိလိုက်နိုင်လေသည်။

ထိုပြင် ဥပါဒါနပစ္စယာဘဝေါဆိုသဖြင့် ဥပါဒါန်ကြောင့် မိမိအလိုအတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အားထုတ်ကာ ကုသိုလ်အကုသိုလ်ကံဆိုသော ဘဝများ ဖြစ်ပေါ်ရ၏။ ထိုကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဥပါဒါန်ကပ်၊ မကပ်ကို သတိဝီရိယထား၍ကြည့်ရပေမည်။ သတိဖြင့်ဥပါဒါန်ကို မြင်အောင်ကြည့်နိုင်ခြင်း (focus) လုပ်နိုင်ပါက ဥပါဒါန်ကပ်မှန်း သိလိုက်သည်နှင့် ဥပါဒါန် ဖြစ်ပျက် သိမှုကမဂ်ဖြစ်၍ ဥပါဒါန်ကို တဒင်္ဂပယ်နိုင်ပြီး တဒင်္ဂ ဝိပဿနာမဂ်စိတ် ဝင်နိုင်လေသည်။

ဥပမာ-အစားအသောက်မှာလျှင် ကိုယ်ကြိုက်

ရာ၊ ကိုယ်ဥပါဒါန်ကပ်ရာကိုသာ မှာစားကြသဖြင့် ဥပါဒါန်ကြောင့် ဝစီကံမြောက်၏။ သတိပဋ္ဌာန်ရှိပါက ရသာရုံပေါ်တွင် ကပ်နေသောဥပါဒါန်ကို ဉာဏ်ဖြင့် မြင်နိုင်ပေမည်။ ထို့အတူ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ တွေးမှုစသည်တို့တွင်လည်း မိမိဥပါဒါန်ကပ်ရာ ကိုသာ ကြိုက်စွဲ၊ မကြိုက်စွဲဖြင့် ပြောကြ၊ လုပ်ကြ၊ ကြံကြခြင်း ဖြစ်ပါသည်။ ရုပ်ရှင်ကြိုက်သူက ရုပ်ရှင် အကြောင်း၊ ဘောလုံးပွဲကြိုက်သူက ဘောလုံးပွဲ အကြောင်း၊ မိမိတို့ ဥပါဒါန်ကပ်ရာကိုသာ ပြောကြ၊ လုပ်ကြ၊ တွေးကြခြင်းဖြစ်ပါသည်။

ဥပါဒါန်သည် သမုဒယဖြစ်၍ ဥပါဒါန်ကို သိသောဉာဏ်သည် မဂ္ဂဖြစ်ပါသည်။ မနောတွင် တစ်ချိန်၌ နှစ်စိတ်ပြိုင် မဖြစ်နိုင်သောကြောင့် မနော တွင် မဂ္ဂင်ဝင်လိုက်ပါက သမုဒယ(ဥပါဒါန်) တဒင်္ဂ ချုပ်၏။ သမုဒယဖြစ်ပျက် သိမှုသည် မဂ်ဖြစ်၏။ ဥပါဒါန်ကို ဥပါဒါန်ဟူ၍ သတိဖြင့်အသိလိုက်ခြင်း သည် မဂ္ဂင်ထိုက်ပြီး တဒင်္ဂဝိပဿနာဖြစ်ပါသည်။ အရှုဉာဏ်သည် မဂ္ဂင်ငါးပါးဖြစ်၍ အရှုခံသည် သမုဒယသစ္စာ ဖြစ်လေသည်။

## "ရှေ့စိတ်ဖြစ်ပျက် နောက်စိတ်မဂ်"

| (ရှေ့စိတ်) | (နောက်စိတ်) | (မဂ်စိတ်) |
|---|---|---|
| ဝိညာဏ် | အဝိဇ္ဇာ | သမ္မာဒိဋ္ဌိ |
| နာမ်ရုပ် | တဏှာ | သမ္မာသင်္ကပ္ပ |
| သဠာယတန | ဥပါဒါန် | သမ္မာဝါယာမ |
| ဖဿ | သင်္ခါရ | သမ္မာသတိ |
| ဝေဒနာ | ကံ | သမ္မာသမာဓိ |
| (ဒုက္ခသစ္စာ) | (သမုဒယသစ္စာ) | (မဂ္ဂင်ငါးပါး) |

ရှေ့စိတ်ကို နောက်စိတ် မဂ္ဂင်ဖြင့်ရှုခြင်းသည် ဝိပဿနာဖြစ်ပါသည်။ စိတ္တာနုပဿနာဟုခေါ်သည်။ ရှေ့စိတ်သည် ဓမ္မာရုံအနေဖြင့်အရှုခံတရားဖြစ်၍ နောက်စိတ်သည် မနောတွင် အရှုညာဏ်တရား ဖြစ်ပေါ်သည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသောစိတ်တို့ သည် ဓမ္မာရုံတွင် အရှုခံအာရုံအဖြစ် ရှိနေကြပါသည်။ လာပါ၊ ရှုပါဟု ခေါ်နေသကဲ့သို့ဖြစ်ပါသည်။

ဥပမာ မြင်စိတ်တို့အပေါ်တွင် ဥပါဒါန်ကပ်ပါက ဥပါဒါန်ပါဝင်သောစိတ်ကို မနောက အရှုညာဏ် မဂ္ဂင်ဖြင့် ရှုပွားရ၏။ ထိုအခါ ဥပါဒါန်ဖြစ်ပျက်၊

သိသောအရှုဉာဏ်က မင်္ဂဖြစ်၏။ ဥပါဒါန်မကပ်ပါက မြင်စိတ်သည် ဓမ္မာရုံတွင် အရှုခံအာရုံဖြစ်၍ မနောတွင် အရှုဉာဏ်ဝင်နိုင်ပြီး မြင်စိတ် ဖြစ်ပျက်၊ မနောက မင်္ဂဖြင့် ဝိပဿနာရှုပွားခြင်း ဖြစ်လေသည်။

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတွင် အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသည် အရှုခံ ဒုက္ခသစ္စာတရားများသာ ဖြစ်ကြပါသည်။ အများအားဖြင့် ဒုက္ခသစ္စာကို ရှေးဦးစွာ မမြင်နိုင်ချေ။ လောကသဘာဝမှာ ဒုက္ခကို သမုဒယက ဖုံးကွယ်ထား၏။ ထို့ကြောင့် သမုဒယသစ္စာဖြစ်သည့် ဥပါဒါန်ကပ်သောစိတ်ကို ဦးစွာမြင်အောင် ကြည့်သင့်ပေသည်။ သမုဒယသစ္စာကို ဦးစွာရှုပွားခြင်းဖြင့် မဂ္ဂင်တရားများ အားကောင်းလာသည့်နည်းတူ သမုဒယများလည်း နည်းပါးလာလေသည်။ ထိုအခါ မနောတွင် သမုဒယသစ္စာနေရာ၌ အရှုဉာဏ် မဂ္ဂင်ဝင်ကာ ရုပ်နာမ် ဒုက္ခသစ္စာကို သိမြင် ရှုပွားနိုင်လေသည်။

ထို့ကြောင့် ဝိပဿနာစတင် အားထုတ်သူတို့သည် သမုဒယသစ္စာကို အရှုခံအနေဖြင့် ဦးစွာရှုပွားသင့်ပါသည်။ သမုဒယသစ္စာ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်)အဖုံးကို ဖွင့်နိုင်မှလည်း ဒုက္ခသစ္စာကို တွေ့နိုင်

ပါသည်။ ထိုအခါ ဒုက္ခသစ္စာ ရုပ်နာမ် ပရမတ်တို့ကို ဆုံးအောင် ချုပ်အောင် ပွားများအားထုတ်ကြရ၏။ ရုပ်နာမ်ချုပ်ရာသည် နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှသာ သမုဒယကို အကြွင်းမရှိ အပြီးပယ်နိုင်လေသည်။ သမုစ္ဆေဒပဟာန်ဟု ခေါ်သည်။ ဝိပဿနာလမ်းဆုံး ဖြစ်လေသည်။

## "နောက်စိတ် သို့မဟုတ် မဂ်စိတ်"

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတွင် ရှေ့စိတ်ဖြစ်ပေါ်ပြီး သတိဖြင့်မဂ်စိတ်ဝင်နိုင်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်၏။ ဓမ္မစကြာတရားတော်တွင် နိရောဓသစ္စာသည် တဏှာချုပ်ရာဖြစ်သည်။ ထို့ကြောင့် မျက်စိတွင် မြင်စိတ်ဖြစ်ပြီး မနောက မဂ်စိတ်ဝင်နိုင်လျှင် ကိလေသာကြားမခိုပါက တဏှာချုပ်သောကြောင့် လောကီနိရောဓသစ္စာဆိုက်၏။

ထိုသို့ နှလုံးသွင်းနိုင်ပါလျှင် ဝိပဿနာဉာဏ်ဖြင့် မဂ္ဂသစ္စာနှင့် နိရောဓသစ္စာကို သိမြင်နိုင်ပေသည်။ ထိုကြောင့် မြင်စိတ်၊ ကြားစိတ်စသည်တို့ကို ကိလေသာကြားမခိုဘဲ ကပ်၍ရှုနိုင်ပါလျှင် မဂ်စိတ်ခဏ၌ တဒင်္ဂနိရောဓ ဆိုက်လေသည်။ ယင်းမဂ်ကုသိုလ်သည် ဝဋ်မှရုန်းထွက်နိုင်သော နိဗ္ဗာန်ရောက်ကြောင်း ဝိဝဋ္ဋ

ကုသိုလ်လည်း ဖြစ်သည်။ အကယ်၍ မြင်စိတ်ဖြစ်ပြီး မနောကစိတ်သည် ကြည်ညို သဒ္ဓါစိတ်ဖြစ်ပါက ကုသိုလ်ကံမြောက်ပြီး နတ်ရွာသုဂတိ ရောက်ကြောင်း ဖြစ်လေသည်။ သို့သော် မြင်စိတ်ဖြစ်ပြီး မနောက စိတ်သည် ဒေါသစိတ်ဖြစ်ပါက အကုသိုလ်ကံမြောက် ပြီး အပါယ်ဒုဂ္ဂတိပို့လေသည်။ ထို့ကြောင့် နိဗ္ဗာန်ကို မဂ်စိတ်ကပို့၏၊ နတ်ပြည်ကို ကုသိုလ်စိတ်ကပို့၏။ အပါယ်ကို အကုသိုလ်စိတ်ကသာပို့ခြင်းဖြစ်လေသည်။

## " ကိုယ်သာနာ၍ စိတ်မနာစေနှင့် "

ဘုရားရှင်သည် ကိုယ်သာနာ၍ စိတ်မနာစေနှင့်ဟု ခန္ဓသံယုတ် နကုလပိတုသုတ်၌ ဟောကြားတော်မူပါသည်။ ယင်း၏အဓိပ္ပါယ်ကို အရှင်သာရိပုတြာမထေရ်သည် ဤသို့ဟောတော်မူ၏။ ခန္ဓာငါးပါးဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ အပေါ်တွင် ဥပါဒါန်ဖြင့် ငါ၊ ငါ့ဥစ္စာဟူ၍ အတ္တအဖြစ် စွဲယူလျှင် ကိုယ်နာခြင်းသည် (ကာယိကဒုက္ခဝေဒနာ) ဖြစ်၍ စိတ်နာခြင်းသည် မနောက စေတသိက (ဒေါမနဿဝေဒနာ)ဖြစ်ပေါ်လေသည်။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တွင် ဖြစ်သော ခန္ဓာငါးပါးအပေါ်တွင် ငါဟူ၍လည်းကောင်း၊ ငါ့ဥစ္စာ

ဟူ၍လည်းကောင်း အတ္တအဖြစ် မနောက မရှုပါက ကိုယ်နာသူဖြစ်သော်လည်း မနောတွင် မဂ္ဂင်ဝင်လိုက်ပါက စိတ်နာသူ မဖြစ်တော့ချေ။ ကိုယ်နာခြင်း အပေါ်တွင် ဥပါဒါန်ကပ်သောကြောင့်သာ စိတ်နာခြင်း ဖြစ်ရသည်။ ထိုကြောင့် ကိုယ်နာခြင်းအပေါ်တွင် မနောကမဂ္ဂင်ဖြင့် အသိလိုက်ပြီး သတိနှင့်ဝီရိယ အားကောင်းကောင်းထား၍ ဝိပဿနာရှုနိုင်ပါက ဘုရားရှင် ဟောကြားတော်မူသကဲ့သို့ ကိုယ်သာနာ၍ စိတ်မနာတော့ချေ။

## " ကံပို့ရာရောက်ရတယ် "

ကုသိုလ်ကံသည် သုဂတိဘုံသို့ပို့၏၊ အကုသိုလ်ကံသည် ဒုဂ္ဂတိဘုံသို့ ပို့၏။ သို့သော် ဘုရားသွားချင်သော မနောကံ (စေတနာ)သည် ဘုရားသို့ ပို့၏၊ တရားပွဲသွားချင်သော မနောကံ(စေတနာ)သည် တရားပွဲပို့၏၊ ဘီယာဆိုင်သွားချင်သော မနောကံ (စေတနာ)သည် ဘီယာဆိုင်ပို့၏စသည်ဖြင့် ပစ္စုပ္ပန်ကံအကြောင်းတရားနှင့် ကံပို့ရာရောက်ရသော အကျိုးတရားကိုမူ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါလွတ်အောင် ဝိပဿနာအကြောင်းအကျိုးဉာဏ်ဖြင့် မမြင်တတ်ကြပါ။ "ငါသွားလို့ ငါရောက်တာ"ဟူ၍ မိမိအလို

အတိုင်း ဖြစ်တယ်ထင်သော ဒိဋ္ဌိအယူမှား အမြင် မှားဖြင့် တွေဝေနေကြလေသည်။

## "ကံကိုမမျှော်နှင့် ကံကိုကောင်းအောင်လုပ်ပါ"

လူအများစုသည် ကံကောင်းချင်ကြပါသည်။ သို့သော် ကံကောင်းခြင်းသည် အကျိုးတရားဖြစ်၍ မိမိနှင့်မသက်ဆိုင်ပါ။ မိမိသည် အကြောင်းတရားနှင့်သာ သက်ဆိုင်သောကြောင့် ကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ကိုသာ လုပ်ဆောင်ရပေမည်။ ယင်း အကြောင်းတရားကောင်းတို့ ပြည့်စုံရင့်ကျက်မှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးတရား ကံကောင်းခြင်းတို့ကို တောင့်တစရာ မလိုပါ။ အကြောင်းတရားတို့ကို ပြည့်စုံအောင် အားထုတ်ပါက အကျိုးတရားသည် သူ့သဘောသူဆောင်ကာ ဓမ္မနိယာမအရ မလွဲမသွေ ဖြစ်ပေါ်လာပေမည်။

## သံယုတ္တနိကာယ်          သဠာယတနဝဂ္ဂပါဠိတော်
## နဝပုရာဏဝဂ်

### “ ကမ္မနိရောဓသုတ် ”

ရဟန်းတို့ အသစ် အဟောင်းဖြစ်သော ကံတို့ကို ၄င်း၊ ကံ၏ချုပ်ရာကို၄င်း၊ ကံ၏ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို၄င်း ဟောပေအံ့။ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့။

### “ ကံဟောင်း ”

ရဟန်းတို့ အဘယ်သည် ကံဟောင်းမည်သနည်း။

ရဟန်းတို့ မျက်စိသည် ကံဟောင်းမည်၏၊ ပြုပြင်အပ်၏၊ စီမံအပ်၏၊ ခံစားမှု၏အကြောင်းဟု ရှုရမည်။ နားသည် ကံဟောင်းမည်၏။ နှာခေါင်းသည် ကံဟောင်းမည်၏။ လျှာသည် ကံဟောင်းမည်၏။ ကိုယ်သည် ကံဟောင်းမည်၏။ စိတ်သည် ကံဟောင်းမည်၏၊ ပြုပြင်အပ်၏၊ စီမံအပ်၏၊ ခံစားမှု၏အကြောင်းဟုရှုရမည်။ ရဟန်းတို့ ဤ(အလုံးစုံ)ကို ကံဟောင်းဟု ဆိုအပ်၏။

## " ကံသစ် "

ရဟန်းတို့ အဘယ်သည် ကံသစ်မည်သနည်း။

ရဟန်းတို့ ယခု'ပစ္စုပ္ပန်' အခါ၌ အကြင် (တစ်စုံ တစ်ရာ)အမှုကို ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ စိတ်ဖြင့်၎င်း ပြု၏။ ရဟန်းတို့ ကိုယ် နှုတ် စိတ်ဖြင့် ယခုပြုအပ်သော ဤအမှုကို ကံသစ်ဟုဆိုအပ်၏။

## " ကံ၏ချုပ်ရာ "

ရဟန်းတို့အဘယ်သည်ကံ၏ချုပ်ရာမည်သနည်း။

ရဟန်းတို့ အကြင်နိဗ္ဗာန်သည် ကာယကံ ဝစီကံ မနောကံ၏ချုပ်ခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်မှု အရဟတ္တဖိုလ်သို့ အာရုံ၏အဖြစ်ဖြင့် ရောက်၏။ ရဟန်းတို့ ဤနိဗ္ဗာန်ကို (ကံ၏ချုပ်ရာ)ဟု ဆိုအပ်၏၊

## " ကံ၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့် "

ရဟန်းတို့ အဘယ်သည် ကံ၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့်မည်သနည်း။

အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း။ မှန်စွာ မြင်ခြင်း၊ မှန်စွာ ကြံခြင်း၊ မှန်စွာ ဆိုခြင်း၊ မှန်စွာ ပြုခြင်း၊ မှန်စွာ အသက်မွေးခြင်း၊ မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ အောက်မေ့ခြင်း၊ မှန်စွာတည်ကြည်ခြင်းတည်း။

ရဟန်းတို့ ဤမဂ်ကို (ကံ၏ချုပ်ရာ)သို့ ရောက်ကြောင်းအကျင့်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤသို့လျှင် ငါသည် ကံဟောင်းကိုဟောအပ်ပြီ၊ ကံသစ်ကို ဟောအပ်ပြီ၊ ကံ၏ချုပ်ရာကို ဟောအပ်ပြီ။ ကံ၏ချုပ်ရာ သို့ ရောက်ကြောင်းအကျင့်ကို ဟောအပ်ပြီ။ ရဟန်းတို့ တပည့်သာဝကတို့၏ အစီးအပွားကို လိုလားသော သနားတတ်သော ဆရာဖြစ်သော ငါသည် သနားခြင်းကိုစွဲ၍ သင်တို့အတွက် ပြုသင့်သည်ကို ပြုအပ်ပြီ။

ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာကျောင်းတို့တည်း။ ရဟန်းတို့ (ကိလေသာကို)ရှို့မြှိုက်ကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့်၊ နောင်အခါ နှလုံးမသာယာ မဖြစ်ကြကုန်လင့်၊ ဤသည်လျှင် သင်တို့အတွက် ငါ၏အဆုံးအမတည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

(ပိဋကတ် - မြန်မာပြန်)

ဒေါက်တာစိုးလွင် (မန္တလေး)

## “သမ္မာသက်ပွမဂ္ဂင်၏တာဝန်”

ကြိုက်စရာဟုထင်လိုက်သည်နှင့် တပ်မက်မှု (အဘိဇ္ဈာ)သည်ဖြစ်ပေါ်၏။ အဘိဇ္ဈာသည်ကာမ ဝိတက်ပင်တည်း။ မကြိုက်စရာဟုထင်သည်နှင့် နှလုံးမသာယာမှု (ဒေါမနဿ)သည် ဖြစ်ပေါ်၏။ နှလုံးမသာယာမှုသက်သက်ဖြစ်လျှင် ဝိဟိံသာဝိတက်ဖြစ်၍ ပျက်စီးရန်ကြံစီအားထုတ်လျှင်ဗျာပါဒဝိတက်ဖြစ်၏။ ယင်းဝိတက်သုံးမျိုးလုံးပင် မိစ္ဆာသက်ပွဖြစ်၏။ မိစ္ဆာသက်ပွ (၃)မျိုးလုံးကို ဖျက်ဆီးနိုင်မှ သမ္မာသက်ပွဖြစ်နိုင်မည်။ သမ္မာသက်ပွဖြစ်မှ သမ္မာဒိဋ္ဌိကို အထောက်အကူပြုနိုင်ပေမည်။

သမ္မာဒိဋ္ဌိမဂ္ဂင်သည် ‘ဇာတိပညာ’ဟု ခေါ်၏။ သမ္မာသက်ပွမဂ္ဂင်ကို ‘ကိရိယပညာ’ဟု ခေါ်၏။ သမ္မာဒိဋ္ဌိမဂ္ဂင်သည် မြင်ရုံသာမြင်တတ်၏။ ကြည့်ရုံသာကြည့်တတ်၏။ သမ္မာဒိဋ္ဌိမဂ္ဂင်မြင်လာအောင် သမ္မာသက်ပွမဂ္ဂင်က ဝိပဿနာအာရုံများကို သမ္မာဒိဋ္ဌိမဂ္ဂင်၏ရှေ့မျောက်သို့ရောက်အောင် တင်ပြပေးရ၏။ ဝန်းကျင်အားလုံးကို မြင်သာထင်သာရှိအောင် ပြုလုပ်ပေးရ၏။ ဤသည်မှာသမ္မာသက်ပွမဂ္ဂင်၏တာဝန်တည်း။

ဦးရွှေအောင် (ချမ်းသာကိုရှာဖွေခြင်းမှ)

## ဓမ္မလမ်းစာစဉ်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဓမ္မလမ်းကို လျှောက်ကြမယ်
၂။ မဇ္ဈိမလမ်းကို လျှောက်ကြမယ်
၃။ မြတ်ဗုဒ္ဓ၏ဝိပဿနာ
၄။ ပိဋကတ်မှတ်စု
၅။ ဓမ္မကောက်နုတ်ချက်စာစုများ
၆။ ဝိပဿနာ 'ဝလုံးတန်း'
၇။ ဝိပဿနာ အခြေခံနှင့် အလုပ်ပေးတရား
၈။ အခြေခံဉာဏ်နှစ်ပါးနှင့် အနတ္တအမြင်
၉။ သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ
၁၀။ လက်တွေ့လျှောက်လှမ်းဓမ္မလမ်း
၁၁။ အဆန်လမ်း
၁၂။ The Origin of Rebirth
၁၃။ The Four Noble Truths and Anatta